ညောင်ဒုတ္တိုကျေးရွာ

မြို့သစ်မြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

မြို့သစ်မြို့နယ်၊ မြို့လုလင်ကျေးရွာအုပ်စု၊ ညောင်ဒုတ္တိုကျေးရွာမှ ပြုစုရေးဆွဲပါသည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ

ကူညီရေးဆွဲပါသည်။

၂၀၂၁ခုနှစ် မေလ

စဉ်အကြောင်းအရာစာမျက်နှာ

၁။စကားချီ

၂။မြို့သစ်မြို့နယ်၊မြို့လုလင်ကျေးရွာအုပ်စု၊ညောင်ဝတ္တိုကျေးရွာအရင်းအမြစ်ပြမြေပုံ

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

၃။ ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

၄။ ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ

(က) တည်နေရာနှင့် ပထဝီဝင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၅။ ကျေးရွာရှိကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

(ဂ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(ဃ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး

(ဆ) ကျန်းမာရေး၊ ရေနှင့်ကျန်းမာသန့်ရှင်းရေး

(ဇ) လူငယ်နှင့်ယဉ်ကျေးမှု

(ဈ) ကျား/မရေးရာဆက်နွယ်မှု

(ည) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

(က) ရည်မှန်းချက်ပန်းတိုင်

(ခ) နည်းဗျူဟာများ

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မှဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

(ခ) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

(ဂ) အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

စဉ်အကြောင်းအရာစာမျက်နှာ

၈။ ဦးစားပေးစီမံချက်များနှင့်အကောင်းအထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့်ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ်

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ၏ဦးစားပေးအဆင့်သတ်မှတ်ခြင်း

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

၉။ ဘတ်ချက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များ

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာအကူအညီများ

၁၂။ ကျေးရွာ၏ဦးစားပေးစီမံချက်လုပ်ငန်းများ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးလက်ရှိခြေအနေသုံးသပ်ရန် ဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်များ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၂၀/၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၀၂၅ခု ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာမှ ကျေးရွာသူ/သားများပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကို လည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ကျေးရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများကစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့သစ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏

အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။


ဖေဖော်ဝါရီလ၊၂၀၂၀ပြည့်နှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်ဒုတ္တိုကျေးရွာ

မြို့သစ်မြို့နယ်

၂။မြို့သစ်မြို့နယ်၊မြို့လုလင်ကျေးရွာအုပ်စု၊ညောင်ဒုတ္တိုကျေးရွာအရင်းအမြစ်ပြမြေပုံ



-မြို့သစ်မြို့နယ်၊ မြို့လုလင်ကျေးရွာအုပ်စု၊ ညောင်ဒုတ္တိုကျေးရွာတွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲခြင်းအစီအစဉ်တွင်ညောင်ဒုတ္တိုကျေးရွာမှကျေးရွာသူ/သားများကိုယ်တိုင်ပူးပေါင်းအကဲဖြတ်ခြင်းမှရယူပါသည်။

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

(၃) ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်ရာ အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏာန်း၊သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံများကိုအလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏာန်း၊သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကောင်အထည်ဖော်ရန်လိုအပ်သောနည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊(၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များ

အတွက်အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့်ငင်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့်အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့်ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့်ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့်ကျွန်ုပ်တို့ကေျးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့်ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သောဒင်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကိုရရှိနိုင်မည်။နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများနိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့်ငင်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်ထည့်ဝင် နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံချက်များချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့်လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံချက်များကိုနှစ်အလိုက်ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများပြည့်စုံမှုအပေါ်မူတည်၍နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

(၄) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ

(က) တည်နေရာနှင့်ပထဝီဝင်အနေအထား

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ မြို့သစ်မြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်တွင် တည်ရှိပါသည်။ မြို့သစ်မြို့နယ်သည် မြောက်လတ္တီတွဒ် ၂၀ဒီဂရီနှင့် ၂၂ဒီဂရီအကြားအရှေ့လောင်ဂျီတွဒ်၉၄ဒီဂရီနှင့် (၉၆)ဒီဂရီကြားတွင်တည်ရှိပြီးအကျယ်အဝန်မှာ (၆၁၂.၆၈)စတုရန်းမိုင်ကျယ်ဝန်းပါသည်။

မြို့သစ်မြို့နယ်၏ အရှေ့ဘက်တွင်မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ တောင်ဘက်တွင် တောင်တွင်းကြီးမြို့နယ်၊ မြောက်ဘက်တွင် နတ်မောက်မြို့နယ်၊ အနောက်ဘက်တွင်မကွေးမြို့နယ်များနှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။

ညောင်ဒုတ္တိကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်အနေအထားရှိပြီး မြို့သစ်မြို့နယ်၏တောင်ဘက်တွင်တည်ရှိပါသည်။ မြို့လုလင်ကျေးရွာတွင် ကျေးရွာ (၅)ရွာဖြင့်ဖွဲ့စည်းထားပါသည်။ ညောင်ဒုတ္တိကျေးရွာ၏ တောင်ဘက်တွင် ညောင်ကိုင်းကျေးရွာ၊ အနောက်ဘက်တွင် လယ်ပြင်စုကျေးရွာ၊ မြောက်ဘက်တွင် ဝန်ချီကျေးရွာနှင့် အရှေ့ဘက်တွင် တောင်ကျရေစွန်ချောင်းခြား၍ ချောင်းရိုးကျေးရွာ၊ စစ်တောကျေးရွာများနှင့် ထိစပ်လျက်ရှိပါသည်။ ညောင်ဒုတ္တိကျေးရွာတွင်းတွင် တောက်ဘက်၌ ဇီးလေးပင်ဘုန်းတော်ကြီးကျောင်း၊ မြောက်ဘက်တွင် သရက်တောဘုန်းတော်ကြီးကျောင်းများကို ကိုးကွယ်ထားရှိပြီးလပြည့်၊ လကွယ်နှင့် အခါကြီးရက်ကြီးများတွင်ဥပုဒ်သီလဆောက်တည်ကြပါသည်။ ကျေးရွာ၏အနောက်ဘက်တွင် ယာမြေများကိုဖြတ်၍ စွန်ချောင်းပွဲဆည်ရှိပြီးယင်းစွန်ချောင်းပွဲဆည်နှင့်ကိုက်(၆၀၀)အကွာတွင်နတ်မောက်ဆည်ရှိပါသည်။ စွန်ချောင်းပွဲဆည်နှင့် နတ်မောက်ဆည်မြောင်းများကြားတွင် ယာမြေများရှိပြီး နတ်မောက်ဆည်၏ အနောက်ဘက်တွင်လည်း လယ်မြေများရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် အခြေခံပညာအလယ်တန်းကျောင်းခွဲရှိပါသည်။ ကျေးရွာ၏ အလယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာအစီအစဉ်ဖြင့်ရေပေးရန်ရေစင်ဆောက်လုပ်ပြီးဖြစ်ပါသည်။

(ခ) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ညောင်ဒုတ္တိကျေးရွာ၏ ရာသီဥတုမှာမိုးရွာသွန်းမှုမှာ နှစ်စဉ်မိုးရေချိန်လက္ခအနဖြင့် ၃၀လက္ခကျော်နှင့်၄၀လက္ခအထိ ရွာသွန်းခဲ့ပြီးအဓိကအားဖြင့် ဆန်စပါး၊နှမ်း၊ဝါ၊ငရုတ်နှင့် မိုးနှောင်းသီနှံများအဖြစ်ကြက်သွန်၊မတ်ပဲနှင့် ကုလားပဲသီးနှံများစိုက်ပျိုးထုတ်လုပ်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ညောင်ဒုတ္တိကျေးရွာအနေဖြင့် နတ်မောက်ရေလှောင်တမံဆည်ရေသောက်ဖြစ်ပြီး နတ်မောက်ဆည်ရေဝင်လယ်ကေ (၂၅၉)ကေနှင့် ယာမြေ(၂၂၈)ကေစိုက်ပျိုးထားရှိပါသည်။ သဘာဝပေါက်ပင်များအနေဖြင့် မန်ကြီး၊တမာ၊ကုက္ကိုရွား၊မယ်ဇလီနှင့်သီးပင်များရှိသည်။

၅။ ကျေးရွာရှိကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ညောင်ဝတ္တိုကျေးရွာတွင် အိမ်ထောင်စု (၂၀၀)စု၊ လူဦးရေ (၈၅၄)ဦးရှိပါသည်။ ညောင်ဝတ္တိုကျေးရွာတွင် စာသင်ကျောင်းသားအရွယ်နှင့် အသက်ကြီးမှိုခိုသူလူဦးရေမှာ (၃၀%)ရှိပြီး အလုပ်လုပ်နိုင်သည့်လူဦးရေမှာ(၇၀%)ခန့်ရှိသောကြောင့်ကျေးရွာ၏စီးပွားရေးအခြေအနေမှာအသင့်အတင့်ကောင်းမွန်ပါသည်။

(ခ) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ညောင်ဝတ္တိုကျေးရွာအတွင်းတွင် ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအနေဖြင့် အဖွဲ့ (၇)ဖွဲ့ရှိပါသည်။ ၎င်းအဖွဲ့များမှာ ရပ်မိရပ်ဖအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ စည်ပင်သာယာအဖွဲ့၊ မီးကော်မတီအဖွဲ့၊ ရေကော်အတီအဖွဲ့၊ ပညာရေးကော်မတီအဖွဲ့နှင့် ဘာသာရေးအဖွဲ့(ပဋ္ဌါန်းအဖွဲ့)တို့ဖြစ်ပါသည်။ စည်ပင်သာယာရေးအဖွဲ့တွင် လူအင်အားနှင့်ငွေကြေးအင်အားနည်းပါးပါသည်။ ကျေးရွာရှိ အမျိုးသမီးများအတွက် အိမ်တွင်အသက်မွေးဝမ်းကြောင်းအထောက်အကူပြုနိုင်ရန်အတွက် ပတ်မြန်မာအဖွဲ့မှ ချေးယူသုံးစွဲရပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် လုပ်ငန်းကဏ္ဍအလိုက်ဖွဲ့စည်းထားသောအဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ညှိနှိုင်းတိုင်ပင်၍ ပုံမှန်အစည်းအဝေးများပြုလုပ်ပြီး စနစ်တကျအစီအစဉ်ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်တွင်လည်း လုပ်ငန်းပြုပြင်ထမ်းသိမ်းရေးကော်မတီမှဦးဆောင်၍ လုပ်ငန်းများရေရှည်တည်တန့်စေရန် ဆောင်ရွက်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများကိုလည် သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဂ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

ညောင်ဝတ္တိုကျေးရွာတွင်စိုက်ပျိုးရေးလုပ်ကိုင်သူတောင်သူအိမ်ထောင်စုဦးရေ (၁၁၄)စုရှိပြီး မြေယာမဲ့အိမ်ထောင်စု (၈၆)စုသာရှိပါသည်။ ညောင်ဝတ္တိုကျေးရွာတွင် လယ်မြေ (၂၅၉)ဧက၊ ယာမြေ (၂၂၈)ဧကဖြင့် စိုက်ပျိုးကြပါသည်။ ညောင်ဝတ္တိုကျေးရွာရှိ ယာမြေများတွင် နှမ်းပဲတီစိမ်း၊ ငရုတ်တို့အားဇွန်လတွင် စိုက်ပျိုးပြီးဇူလိုင်လတွင် ဝါသီးနှံအားအဓိကစိုက်ပျိုးပါသည်။ ရာသီဥတုပေါ်မူတည်၍ ဝါတစ်ဧလျှင်အနည်းဆုံး (၃၀၀)ပိဿာမှ အများဆုံးပိဿာ(၅၀၀)အထိ ထွက်ရှိပါသည်။ ဝါသီးနှံ၏ သက်တမ်းမှာ ဇူလိုင်လမှ ဒီဇင်ဘာလအထိ စိုက်ပျိုးကြပါသည်။ လယ်မြေများမှာနတ်မောက်ဆည်ရေသောက်ဖြစ်ပြီးလယ်ဧက ၂၅၃ဧကစိုက်ပျိုးပါသည်။၎င်းလယ်မြေများကိုဇွန်လတွင်ပျိုးထောင်ခြင်း ဇူလိုင်လတွင်ရွှေ့ပြောင်းစိုက်ပျိုးပြီး နိုဝင်ဘာလတွင်ရိတ်သိမ်းပါသည်။ သီးနှံများစိုက်ပျိုးရာတွင်နွားများအစားထွန်စက်၊ကြားတိုက်စက်များကိုအသုံးပြုလာကြပါသည်။ညောင်ဝတ္တိုကျေးရွာတွင် လယ်ထွန်စက်(၅)စီးရှိ၍ ထွန်ယက်စိုက်ပျိုးရာတွင် လုံလောက်သော်လည်းရိတ်သိမ်းချေလှေ့စက်မရှိသဖြင့် တောင်သူများရိတ်သိမ်းချိန်တွင်အခက်အခဲများရှိနေပါသည်။ ယာမြေများတွင်

နှမ်းတစ်ကေပျမ်းမျှအထွက်နှုန်း (ရ)တင်းပဲတီစိမ်းတစ်ကေပျမ်းမျှအထွက်နှုန်း (၁၀)တင်းခန့်ထွက်ရှိပါသည်။နတ်မောက်ဆည်မှလွန်ခဲ့သော (၅)နှစ်ခန့်မှစ၍ စိုက်ပျိုးရေးလုံလောက်စွာမရရှိသောကြောင့် သီးနှံအထွက်နှုန်းလျော့နည်းပါသည်။ ဆည်ရေလုံလောက်စွာရရှိပါက စိုက်ပျိုးရေးသီးနှံအထွက် တိုးရန်အဓိကအခွင့်အလမ်းများဖြစ်ပါသည်။ ညောင်ဒုတ္တိကျေးရွာတွင် မွေးမြူရေးလုပ်ကိုင်သူအိမ်ထောင်စု(၁၀၈)ဦးရှိပြီးနွားကောင်းရေ (၄၄၁)ကောင်မွေးမြူထားပြီး မွေးမြူရေးကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်သူ တစ်ဦးသာရှိပြီး ကျန်အိမ်ထောင်စုများတွင် တစ်နိုင်တစ်ပိုင်သာမွေးမြူကြပါသည်။ မွေးမြူရေးကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်ချင်သော်လည်း နည်းပညာလက်လှမ်းမီမှုမရှိခြင်း၊ မျိုးကောင်းမျိုးသန့်ဝယ်ယူရန်အလွယ်ကူခြင်း၊ စာကျက်မြေရှားပါးခြင်းနှင့် ငွေကြေးအခက်အခဲများကြောင့်တစ်နိုင်တစ်ပိုင်သာမွေးမြူကြပါသည်။ညောင်ဒုတ္တိကျေးရွာတွင်လယ်ယာမဲ့အိမ်ထောင်စုများသည်တောင်သူအငှားလိုက်ခြင်း၊ကျပန်းလုပ်ငန်းများလုပ်ကိုင်ခြင်း၊ပန်ရံလက်သမားများလုပ်ကိုင်ခြင်း၊ဆံပင်ညှပ်ခြင်းနှင့်စက်ချုပ်ခြင်းများဖြင့်အသက်မွေးဝမ်းကြောင်းပြုကြပါသည်။

(ငံ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ညောင်ဒုတ္တိကျေးရွာတွင် လယ်ယာလုပ်ကိုင်သူတောင်သူများသည် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ အိမ်ထောင်စု (၅၀)ဦးမှ ငွေကျပ်သိန်း(၅၀၀)ကို အတိုးငွေ (၀.၄၁%)ဖြင့် ဇွန်လတွင်စတင်ချေးယူပြီး ဧပြီလနောက်ဆုံးထား၍ ပြန်လည်ပေးဆပ်ရပါသည်။ ကျေးရွာပြင်ပရှိပတ်မြန်မာ၊ ဟင်နရီကယ်လား၊ easyစသည့်ပုဂ္ဂလိကချေးငွေများလည်း ထုတ်ယူသုံးစွဲနေရသောကြောင့် မိမိတို့ကျေးရွာတွင်စီးပွားရေးအဆင်ပြေမှုနည်းပါးပါသည်။

(စ) ပညာရေး

ညောင်ဒုတ္တိကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းခွဲသာရှိပါသည်။ စာသင်ကျောင်းတွင် ကျောင်းသားဦးရေ (၁၅၉)ဦးခန့်ရှိပြီး အစိုးရခန့် ဆရာ၊ ဆရာမ (၁၁)ဦးရှိပါသည်။ ကျောင်းသားဦးရေနှင့် ဆရာ၊ ဆရာမ အင်အားမျှတခြင်း၊ စာသင်ကျောင်းဆောင်လုံလောက်မှုရှိသော်လည်း စာသင်ကျောင်းတွင် ခြံစည်းရိုးများ လုံခြုံမှုမရှိပါ။ ညောင်ဒုတ္တိကျေးရွာမှ အလယ်တန်းအောင်မြင်သောကျောင်းသူ၊ကျောင်းသားများသည် ကျေးရွာနှင့် (၆)မိုင်ခန့်ဝေးကွာသော မြို့သစ်မြို့သို့လည်းကောင်း၊ (၉)မိုင်ခန့်ဝေးသော ဝါးကြီးအိုင့်ကျောင်းသို့လည်းကောင်း၊ (၁၀)မိုင်ခန့်ဝေးသော တောင်တွင်းကြီးမြို့သို့လည်းကောင်းသွားရောက်၍ ပညာသင်ကြားရပါသည်။

(ဆ) ကျန်းမာရေး၊ ရေနှင့် ကျန်းမာသန့်ရှင်းရေး

ညောင်ဒုတ္တိကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိပါ။ ကျေးရွာရှိ သက်ကြီးရွယ်အိုများမှာ အစားအသောက်ပစ္စည်းများတွင် ဓါတုဆေးဝါးများပါရှိသောကြောင့် သွေးတိုးနှင့် ဆီးချိုရောဂါများ ဖြစ်ပွားမှုများပါသည်။ ကျေးရွာတွင်တာဝန်ကျ ကျန်းမာရေးဆရာမများမှ ကလေးသူငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ရာသီအလိုက်ကာကွယ်ဆေးထိုးခြင်းများ ပုံမှန်ဆောင်ရွက်ပါသည်။ ကျန်းမာရေးကိစ္စများအရေးပေါ်ပေါ်ပေါက်လာပါက ညောင်ဒုတ္တိကျေးရွာနှင့် (၁၀)မိုင်ခန့်ဝေးသော မြို့သစ်မြို့နယ်ပြည်သူဆေးရုံသို့ သုံးဘီးယာဉ်များ ငှားရမ်း၍ သွားရောက်ကုသရပါသည်။

ညောင်ဝတ္တိကျေးရွာတွင်အိမ်ထောင်စု (၁၆၀)စုခန့်မှာ အဝီစိစက်ရေတွင်းကို အသုံးပြုပြီး၊ ကျန်အိမ်ထောင်စု(၄၀)မှာ လက်ဝင်တွင်းများမှအသုံးပြုကြပါသည်။ စက်ရေတွင်းနှင့် လက်ဝင်တွင်းများအား ကျန်းမာရေးအတွက် သန့်ရှင်းအောင်စီမံဆောင်ရွက်ထားရှိပါသည်။ ကျေးရွာရှိအိမ်ထောင်စုအားလုံးသည် ရေလောင်းယင်လုံအိမ်သာများကိုသာ အသုံးပြုကြပါသည်။ ညောင်ဝတ္တိကျေးရွာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအနေဖြင့် ဓာတုဆေးဘူးအခွံများ၊ ပလပ်စတစ်အိတ်ခွံများကို စနစ်တကျမီးရှို့ဖျက်စီးခြင်းများ ဆောင်ရွက်ပါသည်။

(ဇ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များ အနားယူအပမ်းဖြေရန်နေရာများမရှိသော်လည်း (၁၂)လရာသီပွဲတော်များအားကျင်းပမှုရှိပါသည်။ ကျေးရွာတွင်စာကြည့်တိုက်ရှိသော်လည်း စီးပွားရေးအခက်အခဲများကြောင့် အလုပ်များဝင်ရောက်လုပ်ကိုင်နေခြင်းကြောင့် လူငယ်များဖတ်ရှုလေ့လာမှုမရှိပါ။ စာကြည့်တိုက်တွင် ကျောင်းတက်နေသည့်ကလေးများသာ ဖတ်ရှုမှုရှိပါသည်။ နွေရာသီကျောင်းပိတ်ရက်များတွင် ရွာဦးဘုန်းတောင်ကြီးကျောင်းမှကျောင်းသား/ သူများကို ယဉ်ကျေးလိမ္မာသင်တန်းများသင်ကြားပေးမှုများရှိပါသည်။

(စျ) ကျား/မရေးရာဆက်နွယ်မှု

ညောင်ဝတ္တိကျေးရွာတွင် အမျိုးသားဦးရေ (၄၁၁)ဦးနှင့် အမျိုးသမီးဦးရေမှာ (၄၄၃)ဦးရှိပြီး အမျိုးသမီးလုပ်သားဦးရေမှာ အမျိုးသားလုပ်သားဦးရေထက် (၃၂)ဦးခန့်ပိုများပါသည်။ ကျေးရွာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသားများမှဦးဆောင်ပြီး အမျိုးသမီးများမှလည်းပါဝင်ဆောင်ရွက်ပါသည်။ အမျိုးသမီးများသည် ကျေးရွာ၏သာရေးနာရေးကိစ္စများနှင့် ဘာသာရေးလုပ်ငန်းများတွင်းဦးဆောင်ပါဝင်ဆောင်ရွက်မှုများရှိပါသည်။

(ည) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ညောင်ဝတ္တိကျေးရွာတွင် အမျိုးသားနှင့်အမျိုးသမီး အချိုညီမျှစွာရှိပြီး အမျိုးသမီးငယ်များမှာ ဘာသာရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးရေးကိစ္စများတွင် တက်ကြွစွာပူးပေါင်းပါဝင်မှုရှိပါသည်။ ညောင်ဝတ္တိကျေးရွာသည် တိုက်နယ်ရဲစခန်းနှင့်နီသောကြောင့် အမျိုးသမီးငယ်များမှာ အမျိုးသမီးရေးရာ အကြမ်းဖတ်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာ အသိပညာများအား နည်းသော်လည်း လွန်ခဲ့သောနှစ်များမှစ၍ အမျိုးသမီးငယ်များအား အကြမ်းဖတ်မှုများနှင့် တိုင်ကြားမှုများပါ မရှိခဲ့ပါ။

(ဈ) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့်အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့်နည်းဗျူဟာများကိုဆွေးနွေးဖော်ထုတ် ခဲ့ကြပါသည်။

(က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင်ကျေးရွာသူ/ကျေးရွာသားများဝင်ငွေတိုးတက်ရေး၊တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့်ပညာရေးကိုအလေးထားပြီးကလေးများနှင့်လူငယ်များအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့်ရည်မှန်းချက်များကိုလည်းအောက်ပါအတိုင်းရိုးရှင်းစွာချမှတ်ထားပါသည်။

(၁) ၂၀၂၄ခုနှစ်တွင် မိမိတို့ကျေးရွာအတွင်းတွင် အိမ်ထောင်စုများအားလုံး လျှပ်စစ်မီးသွယ်တန်းအသုံးပြုနေပြီးဖြစ်ရမည်။ကျေးရွာ၏အခြေခံအဆောက်အဦများဆောက်လုပ်ခြင်း၊ကျေးရွာတွင်လမ်းများအားလုံးကျောက်ချောလမ်းများအဖြစ်ဆောက်လုပ်ခြင်း၊စာသင်ကျောင်းဆောင်များပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ အိမ်တိုင်းယင်လုံအိမ်သာသုံးစွဲခြင်းစသည့် လူမှုအခြေခံအဆောက်အဦးများပြည့်စုံပြီးလူနေမှုအဆင့်အတန်းမြင့်တက်နေပြီးဖြစ်ရမည်။

(၂) ၂၀၂၄ခုနှစ်တွင် မိမိတို့ကျေးရွာအတွင်းရှိ အိမ်ထောင်စုများသည် သီးနှံတိုးတက်ထုတ်လုပ်နိုင်ခြင်း၊တိရိစ္ဆာန်တိုးတက်မွေးမြူနိုင်ခြင်းတို့ဖြင့်မိသားစုဝင်ငွေတိုးတက်လာရမည်။

(၃) ပညာရည်တက်မြောက်မှုမြင့်မားလာအောင် ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့ကြောင့်ကျေးရွာလူငယ်များ၏လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာရမည်။

(ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကိုအောက်ဖော်ပြပါအကောင်အထည်ဖော်ရေးနည်းဗျူဟာများကိုကျင့်သုံး၍စနစ်တကျဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များကိုရောက်ရှိမည်ဟုယုံကြည်ပါသည်။

- အထက်ပါပန်းတိုင်များသို့ရောက်ရှိရေးအတွက်ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်အစိုးရဌာနများ၊အခြားပြင်ပအဖွဲ့အစည်းများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ဆက်သွယ်၍ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များအားဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သည်။ပြင်ပမှနည်းပညာ၊ငွေကြေးစသည့်အကူအညီများ ရရှိရေးအတွက် ဦးဆောင်မည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ကျေးရွာအတွင်းရှိအခြားအဖွဲ့ကော်မတီများဖြင့်လည်းညှိနှိုင်း၍တာဝန်များကိုခွဲဝေအပ်နှင်းဆောင်ရွက်မည်။
- စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဝင်ငွေတိုးလုပ်ငန်းများအတွက်လက်ရှိလိုအပ်နေသောအရင်းအနှီးကိုဖွံ့ဖြိုးရေးအဖွဲ့များ၊သက်ဆိုင်ရာအစိုးရဌာနများ၊ပုဂ္ဂလိကဘဏ်များ၊ကုမ္ပဏီများနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း၊မိမိတို့ကျေးရွာဖွံ့ဖြိုးရေးလှည့်ပတ်ရံပုံငွေထူထောင်ခြင်းဖြင့်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။

- ကျေးရွာတွင်လက်ရှိရွာတွင်းလမ်းများပျက်စီးခြင်း၊ စာသင်ကျောင်းဆောင်လုံလောက်မှုမရှိခြင်း၊ ကျေးရွာဆေးခန်းတွင်ဆေးခန်းသုံးပစ္စည်းနှင့် ကုတင်လုံလောက်မှုမရှိခြင်း၊ စိုက်ပျိုးရေ

အတွက်လည်းနည်းပညာနှင့်မျိုးကောင်းမျိုးသန့်လိုအပ်ချက်များရှိသဖြင့်ပြည့်စုံမှုမရှိကြပါ။ ထို့ကြောင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ဆည်မြောင်းဦးစီးဌာန၊ပညာရေးဌာန ၊ကျန်းမာရေးဌာနတို့နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်းဖွံ့ဖြိုးရေးအဖွဲ့များ၊ပုဂ္ဂလိကအလှူရှင်များ နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့်လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။

- ကျေးရွာရေရှည်ဖွံ့ဖြိုးတိုးတက်ရန်၊အသက်မွေးဝမ်းကျောင်းပညာများကျွမ်းကျင်တက်မြောက် စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲ၍ အကောင်အထည်ဖော်ရေးစွမ်းဆောင်ရည်မြှင့်တင်ရန်လိုအပ်သည်။ထိုသို့စွမ်းဆောင်ရည်မြှင့် တင်ရန်အတွက်အရင်းအနှီးမတက်နိုင်ခြင်း၊အဆက်အသွယ်အားနည်းခြင်းတို့ကြောင့်အသက် မွေးဝမ်းကျောင်း သင်တန်းများသင်ကြားရန် အစိုးရဌာနများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့များနှင့် ချိတ်ဆက်၍ လက်တွေ့အကောင်အထည်ဖော် ရေးအစီအစဉ်ရေးဆွဲ ဆောင်ရွက်မည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကိုပြုစုဖော်ပြထားပါသည်။ဖော်ပြပါအဖွဲ့အစည်းများသည်ကျွန်ုပ်တို့ကျေးရွာ၏လိုအပ်ချက် များအားနိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှု ပေးနိုင်မည့်အစိုးရဌာနများနှင့်အဖွဲ့အစည်းများကိုအကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်းရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်ုပ်တို့ကျေးရွာသူ/သားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရ ရှိခဲ့မှုများကိုပြန်လည်စိစစ်ခြင်းနှင့်ရွေးချယ်ခဲ့သောဦးစားပေးစီမံချက်များအားအချိန်မှန်ပြန်လည်သုံး သပ်၍ပြုပြင်ရေးဆွဲခြင်းစသည်တို့ဆောင်ရွက်နိုင်ရန်အကူအညီများဆက်လက်ရရှိမည်ဟုမျှော်လင့်ပါ သည်။

(ခ) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

မိမိတို့ကျေးရွာလူထု၏လိုအပ်ချက်တစ်ရပ်တွင်စိုက်ပျိုးရေး၊မွေးမြူရေး၊အခြားဝင်ငွေရလုပ်ငန်း များအတွက်လုံလောက်သောချေးငွေများမရရှိမှုကလည်းအဓိကဖြစ်ပါသည်။ကျေးရွာများတွင်ချေးငွေ များထုတ်ချေးပေးနေသောမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် (ကာလတိုချေးငွေ) တစ်ခု

တည်းကိုသာဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် ကျေးရွာရှိမွေးမြူရေး၊ ဆင်းရဲသားမြေယာမဲ့များအတွက်လည်း ဝင်ငွေတိုးလုပ်ငန်းများအတွက်သင့်တော်သောအတိုးနှုန်းဖြင့် ကာလရှည်ချေးငွေများထုတ်ချေးပေးနိုင်သောငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ဘဏ်များ၊ပုဂ္ဂလိကကုမ္ပဏီများနှင့်ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ထို့ကြောင့်ကျေးရွာသူ/သားများလိုအပ်သောချေးငွေများထုတ်ချေးပေးနိုင်ရန်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာသတ်မှတ်ချက်များကို လျော့ချပြီးဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် စျေးကွက်အတွက်အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ကျွန်တော်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက်စိန်ခေါ်ချက်တစ်ရပ်မှာစိုက်မွေးထုတ်လုပ်သူတောင်သူများ၏ စျေးကွက်ဆိုင်ရာသဘောသဘာဝများသိရှိမှုအားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သောထုတ်ကုန်များရရှိရေးအတွက်ခေတ်မီသောနည်းပညာများလိုအပ်ခြင်းပင်ဖြစ်သည်။ ဒေသထွက်ကုန်များကို သင့်တော်သောစျေးနှုန်းဖြင့်ရောင်းချနိုင်ရန် စျေးကွက်သဘောတရားများကိုနားလည်အောင်နည်းလမ်းပြပေးနိုင်မည့်သက်ဆိုင်ရာဦးစီးဌာနများနှင့် အဖွဲ့အစည်းများ၏ပူးပေါင်းလမ်းပြဖေးမမှုများကလည်း အရေးပါလှပါသည်။ ၎င်းအပြင်ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများကိုလည်းမြှင့်တင်ပေးခြင်းဖြင့်စက်ရုံများတည်ထောင်ခြင်းဖြင့်ထွက်ကုန်များကိုတန်ဖိုးမြှင့်ခြင်း၊မြေယာမဲ့နှင့်လူငယ်များအားအလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးခြင်းများလိုအပ်ပါသည်။

ထို့အပြင်အသက်မွေးဝမ်းကျောင်းဆိုင်ရာနည်းပညာသင်တန်းများစီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက်ပြောင်းလဲ လုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသောဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှု အသစ်များအလိုက်စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့်ချိတ်ဆက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိလူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တစ်နိုင်တစ်ပိုင်အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ဝင်ငွေရရှိမှုကိုမြင့်မားလာစေမည်ဖြစ်ပါသည်။ ထို့နောက်တွင်ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများများပြားလာသည်နှင့်အမျှတစ်ဖက်နိုင်ငံများတွင်ရွှေ့ပြောင်းလုပ်ကိုင်နေသူများအားမိမိနေရပ်သို့ပြန်လာ၍လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများတိုးတက်လာစေပြီးမိသားစုများပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းစသည်ဖြင့်ဒေသအတွင်းစားနပ်ရိက္ခာဖူလုံမှုတိုးတက်လာစေပြီးဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျော့နည်းစေရေးကိုတစ်ထောင့်တစ်နေရာမှအထောက်အကူပြုနိုင်ပေမည်။

(၈)ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့်နည်းဗျူဟာများအဖြစ်သို့ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်းငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် စီမံချက်များသည်ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ်မရှိမဖြစ်လိုအပ်ပါမည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့်ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့်ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည်စီမံချက်များကိုအကောင်အထည်ဖော်မှု (၂-၃) နှစ်ကျော်လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်းဦးစားပေးလုပ်ငန်းများထပ်မံဖော်ထုတ်ပြီးလုပ်ဆောင်ရန်လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ်သက်ရောက်မှုများမရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများပြောင်းလဲမှုရှိမည်မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်းထပ်တိုးစီမံချက်များရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကိုပြုပြင်ရလွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်းဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့်အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ဦးစားပေးအစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။သို့ဖြစ်၍ကျွန်ုပ်တို့ငါးနှစ်တာအတွက်ရေးဆွဲထားသောဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကိုပြင်ဆင်ရမည်ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည်စီမံကိန်းဆိုင်ရာအချက်အလက်များခွဲခြမ်းသုံးသပ်ရာတွင်များစွာအထောက်အကူပြုပါမည်။ Functional classification သည်ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့်သက်ဆိုင်သောစီမံချက်များကိုသိရှိနားလည်ရန်အထောက်အကူပြုပါမည်။ Economic classifi-cation သည် စီမံချက်များ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရေးအတွက်လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့်စီမံချက်ဘတ်ဂျက်သည်(က)မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ ပညာရေးကဏ္ဍစသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည်မည်သည့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားဖြစ်သည်ကိုဖော်ပြခြင်းဖြစ်ပါသည်။

- သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ–လစာ၊နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခစသည်များ၊
- ငွေလုံးငွေရင်းအသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသောရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ် (Capacity Building Expenditure) ဥပမာ ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်းစာနာမှုအထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ၏ဦးစားပေးအဆင့်သတ်မှတ်ခြင်း

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင်ဆောင်ရွက်သင့်သည့်လုပ်ငန်းခေါင်းစဉ်များထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူကျေးရွာသူ/သားအုပ်စု (၅) စုထဲမှ (၁၀) ဦးကဦးစားပေးရမည့်စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကိုဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအသေးစိတ်အထောက်အပံ့များကိုမြို့နယ်အဆင့်အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။

ကျွန်တော်တို့ကျေးရွာ၏ဦးစားပေးစီမံကိန်းများကိုကျေးရွာတွင်ရှာဖွေတွေ့ရှိချက်များ၊လိုအပ်ချက်များကိုအခြေခံ၍ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့်ဖော်ထုတ်ခဲ့ကြပါသည်။ဦးစားပေးစီမံကိန်းများကိုအခြေခံ၍အောက်ပါဇယားတွင်ဖော်ပြထားပါသည်။

မြို့သစ်မြို့နယ်၊မြို့လုလင်ကျေးရွာအုပ်စု၊ညောင်ဂုတ္တိကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံချက်မှဦးစားပေးအဆင့်သတ်မှတ်ခြင်း

စဉ်	စီမံချက်	အမှတ်ပေးသူ (၁)	အမှတ်ပေးသူ (၂)	အမှတ်ပေးသူ (၃)	အမှတ်ပေးသူ (၄)	အမှတ်ပေးသူ (၅)	အမှတ်ပေးသူ (၆)	အမှတ်ပေးသူ (၇)	အမှတ်ပေးသူ (၈)	အမှတ်ပေးသူ (၉)	အမှတ်ပေးသူ (၁၀)	စုစုပေါင်း	အဆင့်
၁	ရွာလယ်လမ်းကွန်ကရစ်ခင်းခြင်း	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀၀	၁
၂	ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း	၁၀	၉	၁၀	၉	၁၀	၉	၁၀	၉	၁၀	၉	၉၅	၂
၃	ရွာလယ်လမ်းဘေးကွန်ကရစ်ရေနူတ်မြောင်းဆောင်ရွက်ခြင်း	၈	၈	၈	၉	၉	၈	၈	၉	၉	၉	၉၀	၃
၄	ရွာတွင်းလမ်းရိတံတားစင်းဆောင်ရွက်ခြင်း(၃)	၁၀	၈	၉	၈	၁၀	၈	၁၀	၈	၈	၉	၈၈	၄
၅	ချဉ်းကပ်လမ်းများကျောက်ခြောခင်းခြင်း	၈	၈	၉	၇	၉	၈	၉	၈	၈	၉	၈၅	၅

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံကိန်း(Project)	ဦးစားပေးအဆင့်	၂၀၂၀ - ၂၀၂၁	၂၀၂၁ -၂၀၂၂	၂၀၂၂-၂၀၂၃	၂၀၂၃ - ၂၀၂၄	၂၀၂၄ - ၂၀၂၅
၁	ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁	✓				
၂	ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း	၂		✓			
၃	ရွာတွင်းလမ်းဘေးကွန်ကရစ်ရေနူတ်မြောင်းဆောင်ရွက်ခြင်း	၃			✓		
၄	ရွာတွင်းလမ်းရှိတံတား(၃)စင်းတည်ဆောက်ခြင်း	၄				✓	
၅	ချဉ်းကပ်လမ်းများကျောက်ချာလမ်းခင်းခြင်း	၅					✓

(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကိုဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သောအကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင်စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်

ဆောင်ရွက်မည့်ပုံစံနှင့်အစီအစဉ်၊ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦကိုပြုပြင်ထိန်းသိန်းမည့်ဘတ်ဂျက်နှင့်ငွေရေးကြေးရေးအစီအစဉ်များပါဝင်ပါသည်။

အချို့သောစီမံချက်များကိုဆောင်ရွက်ရာတွင်နည်းပညာဆိုင်ရာအသေးစိတ်အထောက်အပံ့များကိုမြို့နယ်အဆင့်အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။စီမံချက်များအကောင်အထည်ဖော်ဆောင်ရွက်ရန်ဦးစားပေးသတ်မှတ်ရာတွင်ဘတ်ဂျက်၊ငွေကြေးရရှိနိုင်မှုအပေါ်အခြေခံပြီးနှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည်။ဒေသအတွင်းဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ဦးစားပေးအစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။ ကျေးရွာလူထုမှငါးနှစ်တာကာလအတွက်ရေးဆွဲထားသောဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင်နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များအတွက် ပြင်ဆင်ရမည်ဖြစ်သည်။

အောက်ပါဇယားတွင်ဖော်ပြထားသော စီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သောဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်နိုင်ရန်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့်လုပ်ငန်းရှင်များထံမှနည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။

ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင်ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကိုထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှုဥပမာ – လုပ်အား၊သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊အချိန်စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း			✓		
၂	ကျန်းမာရေးဆေးပေးခန်းတည် ဆောက်ခြင်း			✓		
၃	ရွာတွင်းလမ်းဘေးကွန်ကရစ်ရေနူတ်မြောင်းဆောင်ရွက်ခြင်း			✓		

၄	ရွာတွင်းလမ်းရှိတံတား(၃)စင်း တည်ဆောက်ခြင်း	✓
၅	ချဉ်းကပ်လမ်းများကျောက် ခြော လမ်းခင်းခြင်း	✓

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော် မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် ကျေးရွာမူလွန်ကျောင်း၏ ပညာအရည်အသွေးတိုးတက်ကောင်းမွန်ရန်နှင့် ကျောင်း၏လိုအပ်ချက်များကို တင်ပြတောင်းခံနိုင်ရန် တာဝန်ယူဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်းရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ - ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် မူလွန်ကျောင်း၏ စာသင်ကျောင်းဆောင်အသစ်တည်ဆောက်ရန်နှင့် ကျောင်းဆောင်ပြုပြင်တည်ဆောက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေးကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက်ကန်ထရိုက်များ

- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့်သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ
  (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်များ၊လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက်ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့်ကျေးရွာတွင်းကွန်ကရစ်လမ်းများပျက်စီးဆုံးရှုံးမှုမရှိစေရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှဦးဆောင်ကြီးကြပ်၍စည်းကမ်းချက်များထုတ်ပြန်ခြင်း၊ ရွာတွင်လမ်းဘေးနေအိမ်များမှလည်းလမ်းပျက်စီးစေမည့်အကြောင်းအရာများမပြုလုပ်ရန်ပိုင်ရှင်စိတ်ဓါတ်ဖြင့်ထိန်းသိမ်းသွားစေပါမည်။ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားပါကကျေးရွာပိုင်ရန်ပုံငွေဖြင့်ပြင်ဆင်ထိန်းသိမ်းခြင်းများဆောင်ရွက်ပါမည်။

(ဃ) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

ကျွန်တော်တို့ကျေးရွာ၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင်တိုးတက်မှုအခြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦးဌ်ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာပူးပေါင်းပါဝင်လာအောင်ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန်သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့်ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့်ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို ရက်သတ္တပတ်(၁)ပတ်(၁)ကြိမ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံချက်လုပ်ငန်းအလိုက်တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီးတို့ကမိမိတို့တာဝန်ကျရာကဏ္ဍအလိုက်စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည်မိမိတို့၏စီမံကိန်းဆိုင်ရာကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့်အညွှန်းကိန်း (indicator) များဖြစ်ပါမည်။ ရက်သတ္တပတ်(၁)ပတ်ကုန်ဆုံးချိန်တိုင်းတွင်ကော်မတီနှင့်အဖွဲ့အသီးသီးသည်၄င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ (monitoring report) ကိုရွာလူထုအစည်းအဝေး၌အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီကဦးဆောင်ပါမည်။ ရက်သတ္တပတ်(၁)ပတ်(၁)ကြိမ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည်အောက်ပါအချက်များအပေါ်ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့်ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့်ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)၊
- ရက်သတ္တပတ်(၁)ပတ်ကုန်တွင်ရှိသောငွေသားနှင့်အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင်ကြုံတွေ့နေရသောအခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန်အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ရက်သတ္တပတ်(၁)ပတ်(၁)ကြိမ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့အစီရင်ခံပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့်ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များစသည်တို့ပါဝင်ပါမည်။

(ခ) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအားဖိတ်ကြားအသိပေးတင်ပြနိုင်သောအခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ -

